# ငွေပို့ငွေသယ် အာမခံပေါ်လစီ

စာရင်းချုပ်တွင်ဖော်ပြထားသော အာမခံထားသူက၊ ဤပေါ်လစီတွင်ပါဝင်ပြီးဖြစ်သည်ဟု မှတ်ယူရမည့်အပြင် ဤပဋိညာဉ်၏ အခြေခံအဖြစ်လည်းကောင်း၊ ကတိကဝတ်အဖြစ် အကျိုးသက်ရောက်မှုရှိမည်ဟုလည်းကောင်း၊ ၎င်းက သဘောတူညီပြီး စာရင်းချုပ်ပါအတိုင်း ရက်စွဲတပ်ထားသည့်အဆိုလွှာ၊ ကြေညာချက်တို့ဖြင့် **ပထမအမျိုးသားအာမခံ (အထွေထွေ)ကုမ္ပဏီလီမိတက်** (ဤမှစတင်၍ ဤကုမ္ပဏီဟု ခေါ်တွင်မည်) သို့ လျှောက်ထားခဲ့ကာ စာရင်းချုပ်၌ဖော်ပြထားသော **အာမခံသက်တမ်း** အတွင်းပါဝင်သည့် လျော်ကြေးအတွက် အဖိုးစားနားအဖြစ် စာရင်းချုပ်၌ ဖော်ပြထားသော ပရီမီယံကို ပေးသွင်းပြီးဖြစ်ပါသည်။ (သို့မဟုတ်) ပေးသွင်းရန် ကတိပြုပါသည်။

ယခုဤပေါ်လစီက သက်သေခံသည်မှာ အထက်ဖော်ပြပါအာမခံသက်တမ်း (သို့မဟုတ်) ဤပေါ်လစီဆက်လက်တည်မြဲစေရန်အတွက် ပေးသွင်းသည့်တည်မြဲရေးပရီမီယံကို ဤကုမ္ပဏီကလက်ခံခဲ့သော နောက်ထပ်သက်တမ်းတစ်ခုခု အတွင်းဖြစ်ပေါ်သည့် ငွေဆုံးရှုံးခြင်းအတွက် ဤပေါ်လစီပါစည်းမျဉ်းများ၊ ပြင်ဆင်ချက်များနှင့်အညီ အာမခံထားသူသို့ ဤကုမ္ပဏီက လျော်ကြေးပေးမည်။ ငွေဆုံးရှုံးခြင်းဆိုသည်မှာ စာရင်းချုပ်၌ ဖော်ပြထားသည့်အတိုင်း ငွေကို**ပို့ဆောင်သယ်ယူနေစဉ်**အတွင်း ဓားပြတိုက်ခြင်း(သို့မဟုတ်) ခိုးယူခြင်း(သို့မဟုတ်) အခြားမည်သည့်အကြောင်းတစ်ခုခုကြောင့်မဆို ငွေဆုံးရှုံးခြင်းကို ဆိုသည်။

မည်သည့်ငွေတရပ်ဆုံးရှုံးခြင်းအတွက်မဆို ဤကုမ္ပဏီ၏တာဝန်ရှိခြင်းအား စာရင်းချုပ်၌ဖော်ပြထားသည့် ငွေကြေး (သို့မဟုတ်) ငွေကြေးများအထိသာ ကန့်သတ်ထားသည်။

မြေငလျင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ရေကြီးခြင်း၊ တိုင်ဖွန်းမုန်တိုင်း၊ ဟာရီကိန်းမုန်တိုင်း၊ တော်နဒိုမုန်တိုင်း၊ ဆိုင်ကလုန်းမုန်တိုင်း(သို့မဟုတ်) အခြားသဘာဝအရလှုပ်ရှားခြင်း (သို့မဟုတ်) လေထုမငြိမ်မသက်ဖြစ်ခြင်း၊ စစ်ဖြစ်ပွားခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်း၊ နိုင်ငံခြားရန်သူ၏အပြုအမူ၊ စစ်ပြုခြင်းများ (သို့မဟုတ်) စစ်ကဲ့သို့တိုက်ခိုက်ခြင်းများ (စစ်ကြေညာသည် ဖြစ်စေ၊ မကြေညာသည်ဖြစ်စေ) ပုန်ကန်ခြင်း၊ အဓိကရုဏ်း၊ ရုန်းရင်းဆန်ခတ်ဖြစ်ခြင်း၊ သောင်းကျန်းခြင်း၊ သူပုန်ထခြင်း၊ လျှို့ဝှက်ကြံစည်ခြင်း၊ စစ်တပ်ရေတပ် (သို့မဟုတ်) အာဏာသိမ်းခြင်း၊ စစ်အမိန့်ထုတ်ပြန်ခြင်း (သို့မဟုတ်) သိမ်းပိုက်ထားခြင်း (သို့မဟုတ်) စစ်အမိန့်ထုတ်ပြန်ခြင်း (သို့မဟုတ်) သိမ်းပိုက်ထားခြင်းတို့ကိုဖြစ်စေသော အကြောင်းရင်းများ (သို့မဟုတ်) အဖြစ်အပျက်များအနက် အကြောင်းရင်း (သို့မဟုတ်) အဖြစ်အပျက်တစ်ခုခု (သို့မဟုတ်) အထက်ဖော်ပြပါ အဖြစ်အပျက်တစ်ခုခု၏ တိုက်ရိုက်(သို့မဟုတ်) သွယ်ဝိုက်သောအကျိုးသက်ရောက်မှု တစ်ခုခုက တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ နီးကပ်စွာသော်လည်းကောင်း၊ ဝေးလံစွာသော်လည်းကောင်း ဖြစ်ပျက်စေသော (သို့မဟုတ်) အားပေးသော (သို့မဟုတ်) အခြေခံသော (သို့မဟုတ်) ပေါ်ပေါက်စေသော (သို့မဟုတ်) ဆက်စပ်ဖြစ်ပေါ်သော မည်သည့်ဆုံးရှုံးမှုအတွက်မဆို ဤကုမ္ပဏီတွင် တာဝန်ရှိမည်မဟုတ်ပါ။

ဤပေါ်လစီအရ ဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းခံလာလျှင် အထက်ဖော်ပြပါ အဖြစ်အပျက်တစ်ခုခုက သော်လည်းကောင်း၊ ယင်း၏အကျိုးသက်ရောက်မှုတစ်ခုခုကသော်လည်းကောင်း၊ အဆိုပါဆုံးရှုံးမှုအားဖြစ်ပျက်စေခဲ့ခြင်း (သို့မဟုတ်) အားပေးခဲ့ခြင်းမရှိဘဲ ဆုံးရှုံးမှုသည် ဖော်ပြခဲ့သည့် အဖြစ်အပျက်တစ်ခုခုနှင့် ယင်း၏အကျိုးသက်ရောက်မှု တစ်ခုခုအပေါ်အခြေခံခဲ့ခြင်း လုံးဝမဟုတ်သည့်အပြင် ထိုအဖြစ်အပျက်တို့နှင့် လုံးဝပတ်သက်မှုမရှိဘဲ သီးခြားကင်းလွတ်စွာ

ဖြစ်ပွားခဲ့ကြောင်း အာမခံထားသူက သက်သေပြရမည်။ ထိုကဲ့သို့ သက်သေပြရန်ပျက်ကွက်ပါက ဤကုမ္ပဏီတွင် အဆိုပါ လျော်ကြေးအတွက် ငွေကြေးတစ်စုံတစ်ရာပေးလျော်ရန် တာဝန်ရှိမည်မဟုတ်ပါ။ ဤစည်းမျဉ်းပါပြဋ္ဌာန်းချက်များအရ ဆုံးရှုံးခြင်း (သို့မဟုတ်) ပျက်စီးခြင်းတရပ်ရပ်သည် ဤအာမခံတွင်အကျုံးမဝင်ဟု ဤကုမ္ပဏီကယူဆသော မည်သည့်ပြစ်မှု တရားမမှု (သို့မဟုတ်) အခြားနည်းဖြင့် ဆောင်ရွက်ခြင်း၌မဆိုဆုံးရှုံးခြင်း (သို့မဟုတ်) ပျက်စီးခြင်းသည် ဤအာမခံတွင် အကျုံးဝင်ကြောင်း သက်သေပြအတည်ပြုချက်ရရှိရန်မှာ အာမခံထားသူ၏တာဝန်သာဖြစ်သည်။

ဆောင်ရွက်ရမည့် (သို့မဟုတ်)လိုက်နာရမည့်ကိစ္စတရပ်ရပ်နှင့်ဆက်စပ်ပတ်သက်သရွေ့ ဤပေါ်လီစီ၏ စည်းမျဉ်း များ၊ စည်းကမ်းများ၊ ပြင်ဆင်ချက်များအား အာမခံထားသူက လိုက်နာဆောင်ရွက်ခြင်းနှင့် ဖြည့်ဆည်းပေးခြင်းတို့သည် ဤပေါ်လီစီအရ ဤကုမ္ပဏီတွင် တာဝန်တရပ်ရပ်ရှိလာစေရန်အတွက် လိုအပ်သောစည်းကမ်းများဖြစ်ကြပြီး ထိုကိစ္စနှင့် စပ်လျဉ်း၍ အချိန်မီဆောင်ရွက်ခြင်းသည် ဤပဋိညာဉ်၏ အနှစ်သာရဖြစ်ရမည်။

## စည်းမျဉ်းများ

၁။ ဤပေါ်လီစီနှင့် ဆက်စပ်ပတ်သက်သော Notice အားလုံးနှင့် ဆက်သွယ်မှုအားလုံးတို့အား ဤကုမ္ပဏီ(သို့မဟုတ်) အာမခံထားသူနှင့် ဆက်သွယ်နေကျ ဤကုမ္ပဏီ၏ကိုယ်စားလှယ်(များ)ထံ စာဖြင့်ရေးသားပေးပို့ရမည်။ ဤကုမ္ပဏီ ကထုတ်ပေးသော တရားဝင်ပုံစံဖြင့်မဟုတ်လျှင် မည်သည့်တည်မြဲရေးပရီမီယံပြေစာမှ ခိုင်လုံသည့်ပြေစာမဟုတ်ပါ။ ဤကုမ္ပဏီကခွင့်ပြုထားသော အရာရှိတစ်ဦး(သို့မဟုတ်) ဤကုမ္ပဏီကလွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးက အတည်ပြုလက်မှတ်ရေးထိုးမထားလျှင် ဤပေါ်လီစီပေါ်၌ ပြင်ဆင်ချက်ပြုလုပ်ခြင်း (သို့မဟုတ်) ပေါ်လီစီ၏ စည်းမျဉ်းများ၌ အပြောင်းအလွဲပြုလုပ်ထားခြင်းများမှာ မခိုင်လုံ တရားမဝင်ပါ။

၂။ အဆိုလွှာပါ အာမခံထားသူ၏ မည်သည့်ဖော်ပြချက်တွင်မဆို အဓိကကျသည့်အစိတ်အပိုင်းတစ်ခုခု၌ မမှန်ကန်လျှင် သော်လည်းကောင်း၊ တောင်းခံထားသောမည်သည့်တောင်းခံမှု၌မဆို လိမ်လည်ထားလျှင်သော်လည်းကောင်း၊ ရည်ရွယ်ချက်ဖြင့် တမင်တကာချဲ့ကားထားလျှင်သော်လည်းကောင်း၊ တောင်းခံငွေကိုထောက်ခံရန်အတွက် မည်သည့်မမှန်ကန်သော ကြေညာချက် (သို့မဟုတ်) ဖော်ပြချက်ကိုမဆိုပြု လုပ်ခဲ့လျှင်သော်လည်းကောင်း၊ အာမခံ သက်တမ်းအတွင်း ဤပေါ်လီစီကအာမခံသော ပို့ဆောင်သယ်ယူသည့်ငွေများအားပြသသော မည့်သည့်စာအုပ်ကို မဆို မှန်မှန်ကန်ကန်စနစ်တကျမထိန်းသိမ်းမထားရှိခဲ့လျှင်သော်လည်းကောင်း၊ ဤကုမ္ပဏီ၌ မည်သည့်တာဝန်မှ ရှိလိမ့်မည်မဟုတ်ပါ။

၃။ ဆုံးရှုံးမှုတရပ်ရပ်ကို သိရှိရလျှင်သိရှိရခြင်း အာမခံထားသူသည် စာရေးသား၍ ဤကုမ္ပဏီသို့ အကြောင်းကြားရမည် ဖြစ်ပြီး လျော်ကြေးကိုအသေးစိတ်ဖော်ပြကာ ဤကုမ္ပဏီမှတောင်းခံရမည့်အပြင် လျော်ကြေးမှန်ကန်ကြောင်း အထောက်အထားများအဖြစ် လိုအပ်မည့်ရှင်းလင်းချက်များ၊ ဘောင်ချာများ၊ စာအုပ်များ၊ ပိုင်ဆိုင်မှု အထောက်အထားများနှင့် အခြားသက်သေခံများအားဤကုမ္ပဏီသို့ ပေးပို့ရမည်။ လိုအပ်ပါက တောင်းခံခြင်းမှာ

မှန်ကန်ကြောင်းကြေညာရမည့်အပြင် အပြစ်ရှိသောပုဂ္ဂိုလ် (သို့မဟုတ်) ပုဂ္ဂိုလ်များအား သိရှိလာစေရန်နှင့် ၎င်းတို့အား အပြစ်ပေးနိုင်ရန်နှင့် ပျောက်ဆုံးသွားသည့်ပစ္စည်းအားခြေရာခံရန်နှင့် ပြန်လည်ရရှိနိုင်စေရန်အတွက် လိုအပ်ပြီး လက်တွေ့ကျသောလုပ်ရပ်များအား ချက်ချင်းဆောင်ရွက်ရမည်။ အကယ်၍ ဤပေါ်လစီကအာမခံသော ပျောက်ဆုံးမှုတရပ်ရပ်ဖြစ်ပွားချိန်တွင် အာမခံထားသူက ထားရှိသည်ဖြစ်စေ၊ မထားရှိသည်ဖြစ်စေ၊ ယင်းပျောက်ဆုံးမှုအား အာမခံသောမည်သည့်အာမခံအမျိုးအစားဖြစ်စေရှိနေလျှင် ဤကုမ္ပဏီသည် အဆိုပါဆုံးရှုံးမှု၏ အချိုးကျအတိုင်းပေးလျော်ရန် (သို့မဟုတ်) ထည့်ဝင်ရန်ထက် ပိုမိုတာဝန်ရှိလိမ့်မည်မဟုတ်ပါ။

၄။ ဤကုမ္ပဏီသည် တောင်းခံငွေတစ်စုံတစ်ရာအတွက် တာဝန်ရှိကြောင်း ဝန်ခံရန်မလိုအပ်ဘဲ လျော်ကြေးတောင်းခံသောငွေ ပြန်လည်ရရှိနိုင်ရန်အလို့ငှာ မိမိ၏အမည် (သို့မဟုတ်) အာမခံထားသူ၏အမည်ဖြင့် လိုအပ်သောလုပ်ရပ်များအား မည်သည့်အချိန်တွင်မဆို ဆောင်ရွက်ပိုင်ခွင့်ရှိပြီး၊ ထိုကဲ့သို့ဆောင်ရွက်ရာ၌ အာမခံထားသူသည် လိုအပ်သောသတင်းအားလုံးနှင့် အကျိုးကြောင်းခိုင်လုံသည့် အကူအညီများကို ပံ့ပိုးရန်တာဝန်ရှိစေရမည်။ တောင်းခံငွေတရပ်ရပ်အားပေးလျော်ရန်အတွက် စည်းကမ်းချက်တစ်ချက်အနေဖြင့် ပေးလျော်ခဲ့သော ပစ္စည်းအား တရားဝင်ပိုင်ဆိုင်ခွင့်ကို ဤကုမ္ပဏီသို့လွှဲပြောင်းပေးစေရန် အာမခံထားသူအား ဤကုမ္ပဏီက တောင်းဆိုနိုင်သည်။ တောင်းခံငွေတရပ်ရပ်ကို ပေးလျော်ပြီးနောက်ရရှိလာသော မည်သည့်ငွေကိုမဆို ဤကုမ္ပဏီကပိုင်ဆိုင်သည်။ သို့ရာတွင် ယင်း၏တန်ဘိုးမှာ ဤကုမ္ပဏီကပေးလျော်ခဲ့သော တန်ဘိုးထက်မပိုမိုစေရ။

၅။ ဤကုမ္ပဏီသည် မည်သည့်တည်မြဲရေးပရီမီယံကို မဆိုမဖြစ်မနေလက်ခံရန် တာဝန်မရှိသကဲ့သို့ မည်သည့်နေ့ရက်တွင် ၎င်းတည်မြဲရေး ပရီမီယံစေ့ရောက်ကြောင်းကို သတိပေးရန်လည်းတာဝန်မရှိပါ။ ဖျက်သိမ်းမည့်နေ့ရက်မတိုင် မီ ဤပေါ်လစီအရ ပေါ်ပေါက်ခဲ့သော ဤကုမ္ပဏီ၏အခွင့်အရေးများ (သို့မဟုတ်) အာမခံထားသူ၏ တောင်းခံငွေများကို မထိခိုက်စေဘဲ ဤကုမ္ပဏီက ရိုးရိုးချောစာဖြင့်ပေးပို့ကာ ယင်းစာကိုအာမခံထားသူကရရှိပြီးနောက် (၇)ရက်နို့တစ်ပေးလျက် ဤပေါ်လစီကိုဖျက်သိမ်းနိုင်သည်။ အာမခံစသည့်ရက်မှ ဖျက်သိမ်းသည့်ရက်အထိ ပရီမီယံကိစ္စကို အောက်ပါစည်းမျဉ်း (၆) နှင့်အညီဆောင်ရွက်ရမည်။

၆။ ပထမပရီမီယံနှင့် လက်ခံမည့်တည်မြဲရေးပရီမီယံ(၂)ရပ်ပေါင်း ပရီမီယံအားလုံးကို ဤပေါ်လစီကအာမခံသည့်ငွေတန်ဘိုးနှင့်ညှိနှိုင်းရမည်ဖြစ်ပြီး၊ အာမခံထားသည့်ငွေအားလုံးကို အာမခံထားသူ၏စာအုပ်များတွင် စနစ်တကျမှတ်တမ်းတင်ထားရမည်။ ဤကုမ္ပဏီက အဆိုပါစာအုပ်များအား စစ်ဆေးခြင်းကို အာမခံထားသူက မည်သည့်အချိန်တွင်မဆိုခွင့်ပြုရမည်။ အာမခံသက်တမ်းစေ့ပြီး(၁)လအတွင်း အာမခံထားသူက အာမခံသက်တမ်းအတွင်း အာမခံထားသည့် သယ်ယူပို့ဆောင်ခဲ့သော မှန်ကန်သည့်ငွေတန်ဘိုးကို ဤကုမ္ပဏီသို့ ဖော်ပြပေးပို့ရမည်။ ယင်းအတည်ပြုပြီးငွေတန်ဘိုးသည် ပရီမီယံကောက်ခံပြီးဖြစ်သောတန်ဘိုးနှင့် ခြားနားနေပါက အနည်းအများအလိုက် ဤကုမ္ပဏီသို့ ပရီမီယံထပ်မံပေးခြင်း (သို့မဟုတ်) ဤကုမ္ပဏီက ပရီမီယံပြန်အမ်းခြင်းတို့ကို (ဖြစ်လာသည့်အတိုင်း) ဆောင်ရွက်ရမည်။

၇။ ဤပေါ်လစီအရ ဤကုမ္ပဏီတွင် တာဝန်ရှိ/မရှိ (သို့မဟုတ်) တာဝန်ရှိခြင်းမှာ ငွေတန်ဘိုးမည်မျှအထိဖြစ်သည်/မဖြစ်သည်ကိစ္စနှင့်စပ်လျဉ်း၍ အငြင်းပွားမှုတစ်စုံတစ်ရာဖြစ်ပေါ်ပါက အငြင်းပွားတစ်ဦးစီက ခန့်ထားသည့် လူသား (၂)ဦးဖြစ်သော အနုညာတခုံလူကြီး(၂)ဦး၏ ဆုံးဖြတ်ချက်ကိုနာခံရမည်။ (သို့မဟုတ်) ခုံလူကြီး(၂)ဦးအတွင်း သဘောကွဲလွဲလျှင် ဆုံးဖြတ်ရန်ကိစ္စကို မဆောင်ရွက်မီကပင် ၎င်းတို့(၂)ဦးစလုံးက ခန့်ထားသော ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်ကိုနာခံရမည်။ ၎င်း၏အနုညာတခုံလူကြီးအားခန့်ထားရန် စာဖြင့်ရေးသားမေတ္တာရပ်ခံလာပြီးနောက် ပြက္ခဒိန်(၂)လအတွင်း အာမခံထားသူ သို့မဟုတ် သူ၏တရားဝင်ကိုယ်စားလှယ်များက ၎င်း၏ခုံလူကြီးအား ခန့်ထားရန် ပစ်ပယ်ပျက်ကွက်လျှင်သော်လည်းကောင်း၊ ငြင်းဆန်လျှင်သော်လည်းကောင်း၊ ဤကုမ္ပဏီကခန့်ထားသော အနုညာတခုံလူကြီး တစ်ဦးတည်း၏ ဆုံးဖြတ်ချက်ကိုနာခံရမည်။ ခုံလူကြီးများ၊ ခုံလူကြီး(သို့မဟုတ်)ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်ကို ပထမ မရရှိသေးမီ ဤပေါ်လစီအရပြစ်မှု (သို့မဟုတ်) တရားမကြောင်းအရ တရားစွဲဆိုခြင်း မပြုလုပ်ရ။ အနုညာတခုံရုံးနှင့်ပတ်သက်သည့်စရိတ်စကများမှာ ခုံလူကြီးများ၊ ခုံလူကြီး သို့မဟုတ် ဒိုင်လူကြီးက သတ်မှတ်သည့်အတိုင်းဖြစ်သည်။

၈။ ဤပေါ်လစီနှင့်အညီ အာမခံထားသူကတောင်းခံလာသော လျော်ကြေးတစ်စုံတစ်ရာကို ဤကုမ္ပဏီက တာဝန်မရှိဟုငြင်းဆိုပြီးနောက် ပြက္ခဒိန်(၁၂)လအတွင်း ဤပေါ်လစီပါစည်းမျဉ်းများနှင့်အညီ ယင်းလျော်ကြေးကိစ္စကို အနုညာတခုံသို့မပေးပို့အမိန့်မနာခံလျှင်သော်လည်းကောင်း၊ ထိုပြက္ခဒိန်(၁၂)လအတွင်းဤခုံသို့ပေးပို့ထားကြောင်း ဤကုမ္ပဏီက သတင်းနို့တစ်စာ လက်ခံမရရှိလျှင်သော်လည်းကောင်း အဆိုပါလျော်ကြေးကို မတောင်းခံတော့ဘဲ စွန့်လွှတ်လိုက်ပြီဟု မှတ်ယူရမည်ဖြစ်ပြီး ဤစည်းမျဉ်းအရ နောင်တွင်လည်းအဆိုပါလျော်ကြေးကို ရရှိနိုင်မည် မဟုတ်ပါ။